# စာရေးသူ၏အမှာစာ

ဒီစာအုပ်လေးကို စာဖတ်သူတွေက တောင်းဆိုခဲ့တာက တစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်ကလည်း စာအုပ်ထုတ်ချင်နေခဲ့တာက တစ်ကြောင်းကြောင့် ထုတ်ဝေဖြစ်ခဲ့တာပါ။ ကျွန်တော့်ကိုတော့ အွန်လိုင်းစာဖတ်သူ တော်တော်များများ သိကြပါတယ်။ ကျွန်တော် အွန်လိုင်းမှာ စိတ်အားတက်ကြွဖွယ်ရာ စာစုတွေ၊ အောင်မြင်ရေး စာစုတွေ ရေးလေ့ ရှိပါတယ်။ ဒီစာအုပ်လေးက သင်စိတ်ဓာတ်ကျတဲ့ အခါတိုင်း သင့်အနားမှာ အားကိုးရတဲ့ အဖော်တစ်ယောက်အဖြစ် ရှိနေနိုင်မယ်လို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။

စာဖတ်သူကို နောက်တစ်ခု အသိပေးချင်တာကတော့ စာဖတ်သူအနေနဲ့ ဒီစာအုပ်လေးကို ပထမဆုံးအုပ်ရေ ၂၀၀၀ ထုတ်ဝေတဲ့အချိန်မှာ ဝယ်ယူခဲ့ရင်ကုသိုလ် ရနိုင်မှာဖြစ်ပါတယ်။ ပထမဆုံးစာအုပ် ၂၀၀၀ ရောင်းရတဲ့အမြတ်ငွေအားလုံးကို မိဘမဲ့ကလေးတွေကို လှူဒါန်းသွားမှာ ဖြစ်တာကြောင့် စာဖတ်သူရဲ့ ပိုက်ဆံဟာ အခြား အကူအညီလိုအပ်သူ တစ်ယောက်ရဲ့ နေ့လည်စာ ဖြစ်သွားနိုင်ပါတယ်။

ဒီစာအုပ်လေးကို သင်စိတ်ဓာတ်ကျနေတဲ့ အချိန်တိုင်း တစ်ခန်းချင်းစီ ဖတ်သွားဖို့အကြံ ပေးချင်ပါတယ်။ သင့်ရဲ့ကျနေတဲ့ စိတ်ဓာတ်တွေ ပြန်လည်နိုးကြား တက်ကြွလာပြီး ဘဝမှာ အောင်မြင်တဲ့သူတွေဖြစ်လာမယ်ဆိုတာ ကျွန်တော်ယုံကြည် နေပါတယ်။ အားလုံးပဲ ဒီစာအုပ်လေး ဖတ်လိုက်တဲ့အချိန်တိုင်းမှာ စိတ်ချမ်းသာမှုတွေ ရရှိနိုင်ကြပါစေ။

မိုးရှင်း (I.M.T)

ကိုလည်း သရဲလို့ တွေးပစ်လိုက်လို့ရတယ်။ အဲဒီတော့ သေချာပြန်ပြီး စဉ်းစားရင် ပျော်ရွှင်မှုရဖို့ဆိုတာ စိတ်ကိုပြင်ရမှာပါ။ ပိုက်ဆံ မဟုတ်ပါဘူး။ ပိုက်ဆံနဲ့ညီမျှခြင်း ချချင်ရင်လည်း ရပါတယ်။ ဒါပေမယ့် အဲ့လိုစဉ်းစားရင်တော့ စိတ်ချမ်းသာဖို့ ပိုက်ဆံ အရင်ရှာကြည့်လိုက်ပါ။

ဒီစာအုပ်ကိုဖတ်နေကတည်းက သင်စိတ်ဓာတ်ပြန်တက်ချင်တဲ့သူဆိုတာ သေချာပါတယ်။ သင့်အတွေးတွေ နည်းနည်းလောက် ပြောင်းလဲကြည့်ပါ။ သင့်ရဲ့ အထက်က သူတွေချည်းပဲ မကြည့်ပါနဲ့။ သင်စိတ်ဓာတ်ကျနေတယ်ဆိုရင် **Bus** ကားတွေ ကြားထဲ ပြေးလွှားပြီး ပန်းရောင်းနေတဲ့ကလေးတွေ၊ သူများ ကျောင်းစိမ်း ဝတ်စုံလေးတွေကို ငေးကြည့်နေတဲ့ ကလေးတွေ၊ တစ်နေ့လုံးမှာ ထမင်းတစ်နပ်ပဲ စားရတဲ့ သူတွေ၊ အာဖရိကမှာ ၂ရက်မှ တစ်ခါလောက် အစားအစာ စားခွင့်ရတဲ့ ကလေးတွေကို အားနာပါ။

သင့်မှာ ရုပ်ပိုင်းဆိုင်ရာ အားနည်းချက် ရှိတယ်လို့ ထင်ရင် ဆယ်တန်း မှာ သင်ခဲ့ရဖူးတဲ့ **Helen Keller** ကို အားနာပါ။ မျက်စိလည်း မမြင်၊ နားလည်း မကြား ခဲ့တဲ့ **Helen** တောင် ဘဝကိုရင်ဆိုင်နိုင်ရင် သင်ကရော။ သင့်မျက်လုံးမလှဘူး ထင်ရင် တစ်ခါလောက် မျက်လုံး မှိတ်ပြီး လမ်းလျှောက် ကြည့်ပါအုံး။ မျက်စိ မမြင်တဲ့သူ တစ်ယောက် ဆိုရင်ရော ဘယ်လိုနေမလဲ? သင်အရမ်း ကံကောင်းပါတယ်။ သင် စိတ်ဓာတ်ကျနေတဲ့အချိန် ဒီစာကို သင်ဖတ်နိုင်ပါတယ်။ ဘဝရဲ့အလှအပတွေကို ခံစားနိုင်ပါတယ်။ မနက်ဖြန်ဆိုတာ မသေချာတဲ့ အရာမို့လို့ လက်ရှိအချိန်ကို လေးစားပါ။

## အခုပဲပျော်ပါ။

ပိုက်ဆံနည်းနည်းပဲရှိစဉ်ကထမင်းကြမ်းနဲ့ခေါက်ဆွဲပြုတ်ကိုစားနိုင်တယ်။ ဈေးအသက်သာဆုံး ဘတ်စ်ကားကိုစီးတယ်။ ထမင်းဆိုင်မှာ စားရင် အဓတတ်နိုင်ဆုံး ဈေးအသက်သာဆုံးဆိုင်ကို ရှာတယ်။ **Keypad**ဖုန်းလေးပဲ ကိုင်ပြီး တစ်လမှ ဘေလ်တစ်ခါလောက်ပဲထည့်တယ်။ ပိုက်ဆံနည်းနည်းလေး ပိုရှာလာနိုင်တော့ ထမင်းကြမ်းက သိပ်ပြီး အဆင်မပြေတော့ဘူး။ ပိုကောင်းတာလေး စားချင်တယ်။ အမြဲတမ်း ဘတ်စ်ကားစီးပေမယ့် တစ်ခါတစ်လေ **Taxi**လေး စီးဖြစ်လာတယ်။ နည်းနည်းမြင့်တဲ့ဖုန်းလေးစကိုင်လာပြီးအင်တာနက်ဖိုးလေးတွေပိုသုံးဖြစ်လာတယ်။

အဲ့ဒီထက်ပိုပြီး ပိုက်ဆံပိုရှာလာနိုင်တော့ ဆိုင်မှာ ဈေးကြီးတာလေးတွေ စားဖြစ်လာတယ်။ အမြဲလိုလို **Taxi** စီးဖြစ်လာတယ်။ **Samsung** လောက်ကိုင်ပြီး တစ်လတစ်လ အင်တာနက်ဖိုးလည်း ပိုပြီးထောင်းလာတယ်။

ဒီထက်ပိုက်ဆံပိုရှာလာနိုင်ရင်ရော...

ပြောချင်တာက လူတွေဟာ ဘယ်တော့မှ အလိုလောဘ ရပ်တန့်သွားမှာ မဟုတ်ပါဘူး။ အရင်တုန်းက ၂၁လက်မတီဗွီလေး ကြည့်တတ်ပေမယ့် ချမ်းသာ လာရင်လက်မ၆၀လောက်တီဗွီပဲ ကြည့်တတ်ကြပါတော့တယ်။ ဝင်ငွေတွေ တိုးလာ သလို ထွက်ငွေတွေလည်း အမြဲ တိုးလာပါတယ်။

ဘာလို့စာအုပ်နောက်ကျောကျမှ စာရေးသူအကြောင်းကို ထည့်ရတာလဲ။ တကယ်တော့ ဒီစာအုပ်ကို စာဖတ်ပရိတ်သတ်ကြီး စိတ်ညစ်နေ တဲ့ အချိန်၊ စိတ်ဓာတ်ကျနေတဲ့ အချိန်မှာ ဖတ်စေချင်တာပါ။ ဒီတော့ စိတ်ညစ်လို့ ဖတ်တဲ့အချိန်မှာ ကျွန်တော့် အကြောင်းရေးထားတာကြီးက ရှေ့ကနေကာနေတာမျိုး မဖြစ်စေချင်လို့ပါ။ အခုဒီစာမျက်နှာအထိ ဖတ်လာတယ်ဆိုရင်တော့ ကျွန်တော် အရမ်းကျေးဇူးတင်ပါတယ်။

ကျွန်တော့်ရဲ့ ကလောင်နာမည်ကတော့ အားလုံးသိတဲ့အတိုင်း မိုးရှင်း **(I.M.T)** ပါ။ အသက်က ၂၄နှစ်ပါ။ကျွန်တော်က ဘွဲ့ရထားတဲ့သူ တစ်ယောက်တော့ မဟုတ်ပါဘူး။ ကျွန်တော် ရေကြောင်းသိပ္ပံက **Diploma in Nautical Studies** ဆိုတဲ့ ဒစ်ပလိုမာပဲ ရထားပါတယ်။ သင်္ဘောသားအဖြစ်နဲ့၁နှစ်ခွဲလိုက်ခဲ့ပြီး နေရာတော်တော်များများတော့ ရောက်ခဲ့ဖူးပါတယ်။ အိမ်က မချမ်းသာပါဘူး။ ရန်ကုန်က ဈေးအကြီးဆုံး ကျောင်းတွေထဲကတစ်ခုဖြစ်တဲ့ ရေကြောင်းသိပ္ပံမှာ ထားရင်းနဲ့ အိမ်က တော်တော်လေးကို ကုန်ခဲ့ပါတယ်။ အဆင်မပြေတဲ့ကြားထဲက ကျောင်းပြီးအောင် ထားခဲ့ တဲ့ အဖေနဲ့အမေကို ဒီနေရာကနေ ဦးချကန်တော့လျှက်ပါ။ ကျောင်းစရိတ်ကြောင့် ယိုင်နဲ့နေတဲ့ ဘဏ္ဍာရေးကို သင်္ဘောတစ်နှစ်ခွဲလိုက်ပြီး ပြန်လည်ထောက်ပံ့ပေးခဲ့ပါတယ်။

ငယ်ငယ် ကတည်းက **English** စာကိုဝါသနာပါအောင် အဖေက သင်ပေးခဲ့ပါတယ်။ ဆယ်တန်းနှစ်မှာ **Radio** လေးတစ်လုံး လက်ဆောင်ရတဲ့ အချိန်ကစပြီး တစ်လုံးမှနားမလည်တဲ့ **BBC English** ပိုင်းအစီအစဉ်ကို နားထောင်ခဲ့ပါတယ်။

ဘောလုံးပွဲတွေမှာနောက်ခံပြောတဲ့ **English Presenter** တွေရဲ့အသံကို အတုခိုးပြီး တစ်လုံးမှလည်း နားမလည်၊ တစ်လုံးမှလည်းမသိပဲ လေယူလေသိမ်း တူအောင် လျှောက်ပြောပြီး ရူးသွပ်ခဲ့ပါတယ်။ အိပ်နေရင်းယောင်ရင် **English** လိုတွေ ယောင်လို့ အမေနဲ့အဖေက မနက်တိုင်းပြောပြောပြီး ရယ်တတ်ပါတယ်။

ရေကြောင်းသိပ္ပံမှာတုန်းကလည်း သူများတွေ **English** လိုပြောတဲ့ စကားဝိုင်းတွေမှာ ပါးစပ်အဟောင်းသားနဲ့ တစ်လုံးမှ နားမလည်ပဲ လျှောက် ပြီး နားထောင်ဖူးပါတယ်။ အဲ့ဒီအချိန်ထဲက သိခဲ့တာ ကျွန်တော် **English** စာကို ဝါသနာကြီးတယ် ဆိုတာပါပဲ။ သင်္ဘောစတက် တော့ အသက် ၁၉နှစ်ပါ။ လက်ပ်တော့မရှိ၊ ဖုန်းမရှိတာကြောင့် အိမ်မှာ မုန့်ဖိုးစုပြီး ဝယ်ထားတဲ့ ခေါင်းအုံး လောက်ရှိတဲ့ **Oxford Advanced Learner's Dictionary** ကြီးကို **Luggage** ထဲသယ်သွားခဲ့လို့ ဂျပန်လေဆိပ်မှာ ဂျပန်မလေးက တအံ့တသြနဲ့ မေးခဲ့ပါတယ်။ ဒီလို **IT** ခေတ်ကြီးထဲမှာ ဒါကြီးဘာလို့သယ်လာတာလဲတဲ့။ သူမေးတဲ့ မေးခွန်းကိုတော့ နားလည်ခဲ့ပါတယ်။

ကျွန်တော်ပြုံးပဲ ပြုံးပြလိုက်ပါတယ်။ (မသိရင် ငါက စာအုပ်တွေပဲ ပိုကြိုက် တယ်ဆိုတဲ့ အထာမျိုးနဲ့ပါ။ တကယ်က **Handset** ဝယ်ဖို့ ပိုက်ဆံလည်းမရှိလို့ပါ ) တစ်နှစ်ခွဲအပြီး ပြန်အလာမှာ သင်္ဘောသားအလုပ်ကို ဝါသနာမပါမှန်းသိခဲ့ပါတယ်။ ဒါပေမယ့် သင်္ဘောမတက်တော့ဘူး လို့တော့ မဆုံးဖြတ်ရသေးပါဘူး။ အဲ့ဒီအချိန်မှာ **English** စာသင်တန်း လည်းတတ်ဖြစ်ပါတယ်။

**TKT** လို့ခေါ်တဲ့ **English** စာ ဆရာလုပ်ချင်တဲ့သူတွေတက်ရတဲ့ **Teaching Knowledge Test** ဆိုတဲ့သင်တန်းကို **British Council** မှာ တက်ခဲ့ပြီး အင်္ဂလိပ်စာ

သင်လို့ရတဲ့ **Certificate** ရခဲ့ပါတယ်။ သင်္ဘောပေါ်မှာလည်း ကျွန်တော့် အခန်းက **English** စာလုံးတွေနဲ့ ပြည့်နက်နေလေ့ရှိပါတယ်။ သင်တန်းတက်အပြီးမှာ **Rocket Internet** လို့ခေါ်တဲ့အွန်လိုင်းစီးပွားရေးလုပ်ငန်းတွေလုပ်နေတဲ့ **Company** မှာ သူငယ်ချင်း အောင်ခမ်း(ရှီးရာလေး)က လမ်းညွှန်ခဲ့လို့အင်တာဗျူးဖြေခဲ့ပြီး အလုပ်ရခဲ့ပါတယ်။ **Content Writer** ဆိုတဲ့ ရာထူးနဲ့ပါ။ အဲ့ဒီအချိန်ထဲက ကျွန်တော် စာရေးရတာ ဝါသနာပါမှန်း သိခဲ့တာပါ။ အဲ့ဒီအချိန်မှာသင်္ဘောသား မလုပ်တော့ဘူးလို့ဆုံးဖြတ်ပြီး ဒီလောကထဲဝင်ခဲ့တာပါ။

**Digital Marketing** ပိုင်းနဲ့ စာရေးသားခြင်းဘက်ကိုအာရုံစိုက်ခဲ့ပြီး **Rocket Internet** မှာ **Social Media Specialist & Content Writer, Red Dot Network** မှာ **Digital Marketing Specialist** အဖြစ်ဝနှစ်ခွဲ လောက်ဝင်လုပ်ခဲ့ပြီး နောက်ပိုင်းမှာတော့ **Company** ၄ခု အတွက် အိမ်ကနေ **Freelance Digital Marketing Consultant** အဖြစ် လုပ်ကိုင်ပေးခဲ့ပါတယ်။ ကိုယ်ပိုင်လုပ်ခဲ့တာတွေကတော့ အစုံပါပဲ။ အရင်တုန်းက **Freelance Translator, Freelance Interview Trainer, Freelance Private English Teacher** စတာတွေ လုပ်ပြီးအခုအချိန်မှာတော့ကိုယ်ပိုင်လုပ်ငန်းအဖြစ် **Shwemom (www.facebook.com/MyOnlineMedia) www.shwemom.com** ဆိုတဲ့အွန်လိုင်းမီဒီယာ လုပ်ငန်းရဲ့ **Co Founder** အဖြစ်လုပ်ကိုင်နေပါတယ်။ **Shwemom** လို့မပြောင်းခင်ကတော့ **Myanmar Online Media** ဆိုတဲ့နာမည်နဲ့စတင်ခဲ့တာပါ။ အခုအချိန်မှာတော့ တစ်လကို လူတစ်သန်းလောက် ပုံမှန်ဝင်ကြည့်တဲ့ ဝက်ဘ်ဆိုဒ်တစ်ခုဖြစ်နေပါပြီ။

